
www.kidsofdestiny.org
Kids of Destiny®
Reaching the Next Generation

# ကြီးမားသောရေလွှမ်းမိုးခြင်း

## ကမ္ဘာဦးကျမ်း ၆:၁၁-၂၂၊ ၇:၁၁-၂၃၊ ၈:၁၄-၂၂

နှစ်ပေါင်းများစွာကြပြီးနောက်၊ ကမ္ဘာပေါ်မှာ လူတွေတဖြည်းဖြည်းများပြားလာတယ်။ အဲလိုပဲ လူအများစုဟာ ဆိုးရွားတဲ့ရွေးချယ်မှုနဲ့အတူ အပြစ်ထဲမှာအသက်ရှင်ဖို့ ရွေးချယ်ကြတယ်။ အဲဒီအရာက ဘုရားသခင်ရဲ့နှလုံးသားကိုထိခိုက်စေပြီး၊ လူသားကိုဖန်ဆင်းခဲ့လို့ စိတ်မကောင်းဖြစ်တယ်။ နောက်ဆုံးတော့ ကမ္ဘာပေါ်မှာရှိတဲ့ အပြစ်တရားနဲ့ ဆိုးညစ်မိုက်မဲမှုတွေကို ဆေးကြောသန့်ရှင်းစေဖို့အတွက် ကမ္ဘာမြေကို ရေနဲ့လွှမ်းမိုးလိုက်မှဖြစ်မယ်လို့ ဘုရားသခင်က ဆုံးဖြတ်လိုက်တယ်။

အဲလိုချိန်မှာ ကောင်းတဲ့အရာကိုသာလုပ်ပြီး၊ မှန်ကန်စွာရပ်တည်နေထိုင်တဲ့လူတစ်ဦး ရှိနေသေးတယ်။ သူဟာ ဘုရားသခင်ကိုချစ်ပြီး၊ အရာအားလုံးမှာ ဘုရားနောက်ကိုလိုက်တဲ့သူဖြစ်တယ်။ သူ့နာမည်က နောဧတဲ့။ ကမ္ဘာကြီးကိုဖျက်ဆီးတော့မှာဖြစ်ကြောင်းနဲ့ နောဧနဲ့ သူ့မိသားစုကိုတော့ လုံခြုံစွာကယ်တင်မယ်လို့ ကတိပေးကြောင်း ဘုရားသခင်က သူ့အကြံကို ပြောပြတယ်။ အဲဒါကြောင့် သင်္ဘောလို့ ခေါ်တဲ့လှေကြီးတစ်စင်းကို ဆောက်ရမယ့်အသေးစိတ်အချက်အလက်တွေကို ဘုရားသခင်က သူ့ကိုပေးတယ်။ အတိုင်းအတာတွေ၊ တံခါးထည့်ရမယ့်နေရာတွေ၊ အမိုးကိုဘယ်လိုဆောက်ရမယ်စသဖြင့် နောဧကိုဘုရားသခင်ပြောပြတယ်။ ဘာ့ကြောင့်လဲဆိုတော့ နောဧဟာ ဘုရားသခင်ကိုယုံကြည်သူဖြစ်ပြီး၊ သူဟာ သူ့ကိုဘုရားသခင်ပေးတဲ့ ညွှန်ကြားချက်အားလုံးကို လိုက်နာတတ်သူဖြစ်လို့ ဖြစ်တယ်။

သူနဲ့သူ့မိသားစုတွေ သင်္ဘောဆောက်နေတဲ့အချိန်မှာ ပတ်ဝန်းကျင်ကလူတွေက သူတို့ကို ဟားတိုက်လှောင်ပြောင်ကဲ့ရဲ့ကြရုံမကဘဲ သူတို့ကို အရူးလို့ထင်ကြတယ်။ အဲဒီအရာတွေကို ဂရုမစိုက်ဘဲ နောဧဟာ ဆက်လက်ယုံကြည်ပြီး၊ ဘုရားသခင်က သူ့ကိုညွှန်ကြားထားတဲ့အတိုင်း သစ္စာရှိစွာနဲ့ သင်္ဘောကိုဆက်ဆောက် နေခဲ့တယ်။

အရာအားလုံးအဆင်သင့်ဖြစ်တဲ့အခါ၊ နေရဲ့ဇနီး၊ သူ့သားသုံးယောက်နဲ့သူတို့ဇနီးတွေကို သင်္ဘောထဲဝင်စေကြဖို့ နောဧကို ဘုရားသခင်က ပြောတယ်။ ဘုရားသခင်က ဖန်ဆင်းထားတဲ့သတ္တဝါတွေထဲက အထီးအမတစ်စုံစီကိုလည်း သင်္ဘောကြီးထဲကောင်းစွာ ဝင်စေပါတယ်။ သူတို့အားလုံးစုံတဲ့အခါ ဘုရားသခင်က သင်္ဘောတံခါးကို ပိတ်လိုက်တယ်။ အဲဒီနောက် ဘုရားသခင်က မိုးကိုစေလွှတ် ပြီး၊ ရက်ပေါင်းလေးဆယ်နေ့ရောညပါ မိုးဆက်တိုက်ရွာစေတယ်။ ရေတွေတက်လာပြီး တကမ္ဘာလုံးအပြင် အမြင့်ဆုံးတောင်ကိုတောင် ရေဖုံးလွှမ်းသွားတယ်။ သင်္ဘောထဲမှာရှိတဲ့သူတွေကလွဲပြီး ကျန်တဲ့သက်ရှိသတ္တဝါအားလုံး သေဆုံးကြတယ်။ ရက်ပေါင်း ၁၅၀ ကြာ အောင် ရေဟာကမ္ဘာမြေကို လုံးဝလွှမ်းမိုးထားတယ်။

နောက်ရက်ပေါင်း ၁၅၀ ကြာပြီးနောက် သင်္ဘောကြီးဟာ တောင်ကြီးတစ်လုံးပေါ်မှာ ရပ်တန့်သွားပါတယ်။ ရက်ပေါင်းများစွာကြာ ပြီးနောက်၊ နောဧဟာ သင်္ဘောပြတင်းပေါက်ကိုဖွင့်ပြီး ကျီးအတစ်ကောင်ကို လွှတ်လိုက်တယ်။ ကျီးအဟာ ရေမခမ်းမချင်း လျှောက်ပျံ နေတယ်။ အဲဒီနောက် နောဧဟာ ချိုးငှက်တစ်ကောင်ကို လွှတ်လိုက်ပေမယ့် သူနားရမယ့်နေရာမတွေ့တော့ ချိုးငှက်ဟာ သင်္ဘောဆီ ကို ပြန်လာခဲ့တယ်။ နောက်တစ်ပတ်ကြာပြီးနောက် နောဧဟာ ချိုးငှက်ကို နောက်တစ်ကြိမ်ထပ် လွှတ်လိုက်တယ်။ ဒီအကြိမ်မှာတော့ ချိုးငှက်ဟာ သံလွင်ခက်ကို ကိုက်ချီပြီးပြန်လာတယ်။ အခုချိန် မြေကြီးဟာ ပြန်လည်စိမ်းလန်းလာပြီလို့ နောဧ သိတယ်။ နောက် တစ်ပတ်ကြာတော့ နောဧဟာ ချိုးငှက်ကိုနောက်တစ်ကြိမ်ပြန်လွှတ်လိုက်ပေမယ့် ဒီအကြိမ်မှာတော့ ချိုးငှက်ဟာ ပြန်မလာတော့ ပါဘူး။ မြေကြီးဟာ ခြောက်သွေ့သွားပါပြီ။

နောက်ဆုံးတော့ နောဧ၊ သူ့မိသားစုနဲ့တိရစ္ဆာန်အားလုံးဟာ သင်္ဘောကြီးထဲကနေ ထွက်လာကြတယ်။ နောဧဟာ အသက်ရှင်ကျန်ရစ် တဲ့အတွက် ကျေးဇူးတော်ချီးမွမ်းပြီး၊ ဘုရားသခင်ကို ကိုးကွယ်ပါတယ်။ နောက်တစ်ကြိမ် ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းနဲ့ မဆေးကြော တော့ဘူးလို့ ဘုရားသခင်က ကတိပေးတယ်။ သူ့ရဲ့ကတိအမှတ်လက္ခဏာအဖြစ် မိုးကောင်းကင်မှာ သက်တန့်ကို ဘုရားသခင် ထားခဲ့တယ်။

**ဆာလံ ၇:၁၀** “သဘောဖြောင့်သောသူတို့ကို ကယ်တင်တတ်သောဘုရားသခင်သည် ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။”

# ကြီးမားသောရေလွှမ်းမိုးခြင်း - ဆရာလမ်းညွှန်

Kids of Destiny®
Reaching the Next Generation

## အဓိကအချက်များ

၁) ကမ္ဘာပေါ်မှာ လူတွေ ပိုပြီးများလာတယ်။ သူတို့ဟာ ဘုရားသခင်စကားကို ဆက်တိုက်မနာခံဘဲ ဆိုးရွားတဲ့အရာကိုပဲ ရွေးချယ်ကြတယ်။ ဒုစရိုက်အပြစ်နဲ့ဆိုးညစ်ခြင်းတွေကို သန့်ရှင်းပစ်ဖို့လိုပြီလို့ ဘုရားသခင်ဆုံးဖြတ်တယ်။ ကမ္ဘာတစ်ခုလုံးကို ရေနဲ့လွှမ်းမိုးစေဖို့ သူဆုံးဖြတ်တယ်။

၂) ဘုရားသခင်ရဲ့စကားကိုနာခံတဲ့သူတစ်ယောက် ကျန်ရစ်တယ်။ သူ့နာမည်က နောဧဖြစ်တယ်။ ကမ္ဘာကြီးကို ရေနဲ့လွှမ်းမိုးမယ်လို့ ဘုရားသခင်က နောဧကိုပြောတယ်။ သင်္ဘောလို့ခေါ်တဲ့လှေကြီးတစ်စီးကို ဘယ်လိုဆောက်ရမလဲဆိုတာ ဘုရားသခင်က နောဧကို ပြောပြတယ်။ ဘုရားသခင်ကယ်တင်လိုတဲ့သူတွေနဲ့ အရာတွေကို သင်္ဘောကြီးအားဖြင့် လုပ်ဆောင်နိုင်မှာ ဖြစ်တယ်။

၃) ရေလွှမ်းမိုးချိန် နီးကပ်လာတဲ့အခါ၊ သူ့မိသားစုအားလုံး၊ သူ့ဇနီး၊ သားသုံးယောက်နဲ့သူတို့တွေရဲ့ဇနီးတွေကို သင်္ဘောထဲဝင်ကြဖို့ ဘုရားသခင်က နောဧကို ပြောတယ်။ တိရစ္ဆာန်တွေကိုလည်း အထီးအမတစ်စုံစီယူလာဖို့ ဘုရားသခင်က နောဧကိုပြောတယ်။ အားလုံးသင်္ဘောထဲရောက်သွားတဲ့နောက် မိုးစရွာလာပါတော့တယ်။

၄) ရေတွေဟာ ကမ္ဘာမြေပေါ်မှာ ရက်ပေါင်း ၁၅၀ ဖုံးလွှမ်းနေတယ်။ အဲဒီနောက် သင်္ဘောကြီးဟာ တောင်ကြီးတစ်လုံးရဲ့ထိပ်မှာ ရပ်သွားတယ်။ နောဧဟာ ကျီးအတစ်ကောင်ကိုလွှတ်တယ်၊ ပြီးတော့ချိုးငှက်ကို လွှတ်တယ်။ သူတို့တွေ မြေကိုရှာတွေ့မလားလို့ သူသိချင်တယ်။ ချိုးငှက်ကတော့ ပြန်လာတယ်။ နောက်သိပ်မကြာခင် နောဧဟာ ချိုးငှက်ကို နောက်တစ်ကြိမ်ထပ်လွှတ်တယ်။ သံလွင်ခက်တစ်ခုကို သူမချီလာတယ်။ ကုန်းမြေပြန်ပေါ်လာပြီဆိုတဲ့အဓိပ္ပါယ် ဖြစ်တယ်။ ကုန်းမြေခြောက်သွေ့ပါပြီ။

၅) ရေလွှမ်းမိုးချိန်ပြီးသွားတဲ့အခါ နောဧနဲ့သူ့မိသားစုဟာ အရမ်းဝမ်းသာကြတယ်။ ဘုရားသခင်ကို ချီးမွမ်းကြတယ်။ ကမ္ဘာမြေကြီးကို နောက်တစ်ကြိမ်ရေလွှမ်းမိုးခြင်းမဖြစ်စေဖို့ ကတိပေးကြောင်း ကောင်းကင်မှာ သက်တန့်ကို ထားခဲ့တယ်။

## မေးခွန်းများ

၁) ကမ္ဘာမြေကြီးပေါ်မှာ မကောင်းမှုဒုစရိုက်တွေနဲ့ဆိုးရွားပျက်စီးနေတဲ့အခါ ဘာလုပ်ဖို့ ဘုရားသခင်ဆုံးဖြတ်လဲ?
၂) ဘုရားသခင်ကို ဆက်လက်နာခံပြီးယုံကြည်ကိုးစားသူတစ်ယောက်ကျန်ခဲ့သူက ဘယ်သူလဲ?
၃) နောဧကို ဘာလုပ်ဖို့ ဘုရားသခင်က ပြောခဲ့လဲ?
၄) သင်္ဘောကြီးထဲကို ဘယ်သူတွေဝင်သွားကြလဲ?
၅) ကုန်းမြေပြန်ပေါ် ပြီဆိုတာကိုပြသတဲ့ သံလွင်ခက်ကို ဘယ်ငှက်က ပြန်ချီယူလာသလဲ?
၆) နောက်တစ်ကြိမ်ရေလွှမ်းမိုးခြင်းမဖြစ်စေတော့မယ့်အကြောင်း ဘုရားသခင်က နောဧကို ဘယ်အရာပြခဲ့သလဲ?

## အဖြေများ

၁) ကမ္ဘာမြေကြီးရဲ့ဆိုးညစ်တဲ့ဒုစရိုက်တွေကိုမြင်တဲ့အခါ ရေလွှမ်းမိုးခြင်းဖြစ်စေဖို့ ဘုရားသခင်ဆုံးဖြတ်ခဲ့ပါတယ်။
၂) ဘုရားသခင်စကားကိုနာခံပြီးဆက်လက်ကိုးစားတဲ့ နောဧဆိုတဲ့သူတစ်ယောက် ကျန်ရစ်ပါတယ်။
၃) သင်္ဘောတစ်စီးတည်ဆောက်ဖို့ ဘုရားသခင်က နောဧကို ပြောခဲ့ပါတယ်။
၄) နောဧရဲ့ဇနီး၊ သူ့သားတွေနဲ့သူတို့ဇနီးတွေ၊ တိရစ္ဆာန်တစ်စုံစီ သင်္ဘောထဲကို ဝင်ကြရပါတယ်။
၅) ကုန်းမြေပြန်ပေါ်လာကြောင်းပြတဲ့ သံလွင်ခက်တစ်ခက်ကို ချိုးငှက်က ချီယူလာခဲ့ပါတယ်။
၆) ကမ္ဘာမြေကြီးကို နောက်တစ်ကြိမ်ရေလွှမ်းမိုးခြင်းမဖြစ်စေတော့ကြောင်း ဘုရားသခင်က နောဧကို သက်တန့်ပြခဲ့ပါတယ်။

## ကမ္ဘာဦးကျမ်း ၆:၁၁-၂၂၊ ၇:၁၁-၂၃၊ ၈:၁၄-၂၂

**ဆာလံ ၇:၁၀** "သဘောဖြောင့်သောသူတို့ကို ကယ်တင်တတ်သောဘုရားသခင်သည် ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။"

